# အလုပ်အကိုင်ရှာဖွေသူထောက်ပံ့ရေးစနစ် (ကယူးရှောကုရှ ရှိအဲန်း စေးအိဒို) ရှိပါတယ်!

**“အလုပ်အကိုင်ရှာဖွေသူထောက်ပံ့ရေးစနစ်” ဆိုတာ အလုပ်လက်မဲ့အာမခံ (ခေါ့ယိုဟို့ကင်) ကို မရနိုင်သူတွေ မြန်မြန်ဆန်ဆန် အလုပ်အကိုင်ရှာဖွေတွေ့ရှိနိုင်အောင် အစိုးရက ကူညီပေးတဲ့ စနစ်ဖြစ်ပါတယ်။**




**"အလုပ်အကိုင်သင်တန်းတက်ခြင်းအတွက်ထောက်ပံ့ကြေး” (ရှောကုဂယောကွန်းလဲန်း ဂျူးကိုး ကယူးဖုကင်း)**
(စွမ်းရည်မြှင့်တင်ဖို့အတွက် ရရှိမယ့် ငွေကြေး)

**※ ပိုပြီး အသေးစိတ်သိချင်သူတွေအနေနဲ့ မိမိနေထိုင်ရာ မြို့ရွာရဲ့ ဟလိုဝါ့ခုမှာ မေးမြန်းကြပါ။**

**● ထောက်ပံ့မှုရယူရေး လိုအပ်ချက်များ**

**အောက်ပါ ①～④ အထိ အလုံးစုံ**

① ဟလိုဝါ့ခုမှာ အလုပ်အကိုင်ရှာဖွေရေး လျှောက်ထားခြင်း

② အလုပ်လက်မဲ့အာမခံ ဝင်မထားဘဲ၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး (ရှိဆုဂယော ကယူးဖု) ရယူထားမှု မရှိခြင်း

③ အလုပ်လုပ်ချင်တဲ့ ဆန္ဒနဲ့ လုပ်နိုင်တဲ့ စွမ်းရည်ရှိခြင်း

④ ထောက်ပံ့မှု လိုအပ်ကြောင်း ဟလိုဝါ့ခု က အသိအမှတ်ပြုခြင်း

原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/

| | |
|---|---|
| (ဥပမာ) | အလုပ်လက်မဲ့ထောက်ပံ့ကြေး မရနိုင်သူ<br>အလုပ်လက်မဲ့ထောက်ပံ့ကြေး ရခဲ့ပေမဲ့ အလုပ်သစ် မရခဲ့သူ<br>မိမိကိုယ်ပိုင်လုပ်ငန်း ဖွင့်လှစ်လုပ်ကိုင်နေရာမှ လုပ်ငန်း ပျက်သွားသူ<br>အလုပ် ရှာမတွေ့သေးဘဲ ကျောင်းပြီးသွားသူ |

## ●"အလုပ်အကိုင်သင်တန်း" နှင့် ပတ်သက်၍

"အခြေခံစွမ်းရည် သင်တန်း" → အလုပ်လုပ်နိုင်ဖို့ အခြေခံကျတဲ့ စွမ်းရည်ကို အချိန်တိုတိုအတွင်း လေ့လာနိုင်ပါတယ်

"လက်တွေ့အသုံးချ သင်တန်း" → လုပ်ကိုင်လိုတဲ့ အလုပ်အမျိုးအစားအတွက် လိုအပ်တဲ့ စွမ်းရည်ကို လေ့လာနိုင်ပါတယ်

- **သင်တန်းပို့ချမှု ကာလ: သင်တန်း တစ်ခုကို ၂လမှ ၆လအထိ**
- အသေးစိတ် အချက်အလက်တွေကို ဟလိုဝါ့ခ်ုရဲ့ အင်တာနက်စာမျက်နှာဝန်ဆောင်မှုမှာ ကြည့်ပါ (https://www.hellowork.mhlw.go.jp/)

## ●"အလုပ်အကိုင်သင်တန်းတက်ခြင်းအတွက်ထောက်ပံ့ကြေး" နှင့် ပတ်သက်၍

**＜အချက်အလက်＞**

တစ်လလျှင် ယန်း ၁၀၀,၀၀၀

"အလုပ်အကိုင်သင်တန်း" တက်မယ့် နေရာသို့ သွားလာရန် ခရီးစရိတ်

နေထိုင်တဲ့ နေရာအတွက် အခကြေးငွေ (※)

(※) သင်တန်း တက်ဖို့အတွက် နေထိုင်တဲ့နေရာကို ပြောင်းရွှေ့ရခြင်းဖြစ်ပြီး ထိုသို့ပြောင်းရွှေ့ရန်လိုအပ်ကြောင်း ဟလိုဝါ့ခ် မှ အသိအမှတ်ပြုခြင်း

**＜လက်ခံရယူရေး လိုအပ်ချက်များ＞**

① မိမိရဲ့ဝင်ငွေက တစ်လလျှင် ယန်း ၈သောင်းအောက် ဖြစ်ခြင်း
② မိသားစု တစ်ခုလုံးရဲ့ဝင်ငွေက တစ်လလျှင် ယန်း ၂၅သောင်း အောက် ဖြစ်ခြင်း
③ မိသားစု တစ်ခုလုံးရဲ့ငွေသားပိုင်ဆိုင်မှု (စုဆောင်းငွေ စသည်) က ယန်း သောင်း ၃၀၀ အောက် ဖြစ်ခြင်း
④ လက်ရှိနေထိုင်တဲ့ နေရာ အပြင် မြေ၊ အဆောက်အအုံ ပိုင်ဆိုင်မှု မရှိခြင်း
⑤ သင်တန်းတွင် မပျက်မကွက် တက်ရောက်ခြင်း
⑥ အိမ်ထောင်စုအတွင်း အလားတူ ထောက်ပံ့ကြေး ရယူနေသူ မရှိခြင်း

原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/

⑦ ယခင် ၃နှစ်ကာလအတွင်း လိမ်ညာ၍ဖြစ်စေ၊ မှားယွင်း၍ဖြစ်စေ ထောက်ပံ့ကြေး တစ်မျိုးမျိုးကို ရယူမှု မရှိခြင်း

**＊သင်တန်းတက်နေချိန်မှာရော ပြီးဆုံးတဲ့နောက်မှာပါ ဟလိုဝါ့ခုကို သွားပြီး အလုပ်အတွက်ဆွေးနွေးတိုင်ပင်မှု လုပ်ဖို့ လိုပါတယ် (＝အလုပ်အကိုင်ဆိုင်ရာဆွေးနွေးတိုင်ပင်မှု)**

အကယ်၍ "အလုပ်အကိုင်သင်တန်းတက်ခြင်းအတွက်ထောက်ပံ့ကြေး" တစ်ခုတည်းနဲ့ စားဝတ်နေရေး အဆင်မပြေတဲ့ အနေအထားမှာ ငွေချေးလို့လည်း ရပါတယ် (နောင်မှာ မဖြစ်မနေ ပြန်ဆပ်ရပါမယ်)။ အသေးစိတ်ကို ဟလိုဝါ့ခု မှာ မေးမြန်းပါ။

●လုပ်ငန်းစဉ်

| သင်တန်းတက်ရောက်ရန် လုပ်ငန်းစဉ် | "အလုပ်အကိုင်သင်တန်းတက်ခြင်းအတွက်ထောက်ပံ့ကြေး" လုပ်ငန်းစဉ် |
|---|---|
| 1. နေထိုင်ရာ အရပ်မှ ဟလိုဝါ့ခုတွင် အလုပ်ရှာဖွေရေး လျှောက်လွှာတင် "အလုပ်အကိုင်ရှာဖွေသူထောက်ပံ့ရေးစနစ်" အသုံးပြုလိုကြောင်း ပြောပြ | ထောက်ပံ့ကြေး ရယူလိုကြောင်း ပြောပြ |
| ↓ | |
| 2. ဟလိုဝါ့ခုမှာ သင်တန်းအမျိုးအစားကို ရွေးချယ် | ထောက်ပံ့ကြေးအတွက် အကြိုစစ်ဆေးမှုမှာလိုအပ်တဲ့ စာရွက်စာတမ်း၊ ပုံစံတွေကို ရယူ ♦ |
| ↓ | |
| 3. ဟလိုဝါ့ခုမှာ သင်တန်းအတွက် လျှောက်ထား | ထောက်ပံ့ကြေးအတွက် အကြိုစစ်ဆေးမှု စာရွက်စာတမ်းတွေကို ဖြည့် ♠ |
| ↓ | |
| 4. သင်တန်းတက်မယ့် နေရာမှာ လျှောက်လွှာတင် | |
| ↓ | |

原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/

| | |
|---|---|
| 5. သင်တန်းတက်မယ့် နေရာရဲ့ စာမေးပွဲကို ဖြေ (လူတွေ့၊ ရေးဖြေ)<br><br>လူတွေ့ ရေးဖြေ စာမေးပွဲတွေနဲ့ ပတ်သက်ပြီး ဟယ်လိုဝါ့ခ်မှာ မေးမြန်းပြီး အသင့်ပြင် | |
| ↓ | |
| 6. "စာမေးပွဲအောင်" တဲ့ အကြောင်းကြားစာရောက်လာရင် ဟယ်လိုဝါ့ခ်မှာ "အလုပ်ရှာဖွေရေးထောက်ပံ့မှုစီမံကိန်းစာရွက်စာတမ်း" ကို ရယူ | အကြိုစစ်ဆေးမှု အဖြေကို ရယူပါ<br>လျှောက်ထားဖို့ စာရွက်စာတမ်းတွေကို ရယူ |
| ↓ | |
| 7. သင်တန်းတက်<br>သတ်မှတ်ထားတဲ့နေ့ ဟယ်လိုဝါ့ခ်မှာ အလုပ်အကိုင်ဆိုင်ရာ ဆွေးနွေးတိုင်ပင်မှုကို လုပ်ဆောင် | ဟယ်လိုဝါ့ခ်မှာ အလုပ်အကိုင်ဆိုင်ရာ ဆွေးနွေးတိုင်ပင်မှုကို လုပ်ဆောင်ချိန်မှာ ထောက်ပံ့ကြေးကို လျှောက်ထား |

**※ အောက်မှာဖော်ပြထားတဲ့ အနေအထားတွေမှာ ”အလုပ်အကိုင်သင်တန်းတက်ခြင်းအတွက်ထောက်ပံ့ကြေး” မရနိုင်ပါ။ သတိပြုကြပါ။**

・သတ်မှတ်ထားတဲ့နေ့မှာ ဟယ်လိုဝါ့ခ်ကို မသွားခြင်း

・သင်တန်းကို မသွားခြင်း/နောက်ကျခြင်း/စောပြန်ခြင်း (၁ကြိမ်ပင်ဖြစ်စေ)

(အကြောင်းပြချက်ရှိတဲ့အခါ ရှင်းလင်းချက်စာရွက်စာတမ်းတွေ လိုအပ်ပါတယ်။ ဆွေးနွေးတိုင်ပင်ပါ။)

原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/

♠ "အလုပ်အကိုင်သင်တန်းတက်ခြင်းအတွက်ထောက်ပံ့ကြေး" အကြိုစစ်ဆေးမှုမှာ လိုအပ်တဲ့ စာရွက်စာတမ်းပုံစံများ・စာရွက်စာတမ်း

ပုဂ္ဂလိကနံပါတ် ပါဝင်တဲ့စာတမ်း (ဥပမာ ကိုယ့်နံပါတ်မှတ်ပုံတင်ကတ်: my number card)
ဂျပန်မှာနေထိုင်ခွင့်ကတ် (ဇိုင်းလျူး ကားဒို)
ဟလိုဝါ့ခ္ ကနေ ရခဲ့တဲ့ စာရွက်စာတမ်း(♦)
ဒါ့အပြင် သတ်မှတ်ထားတဲ့ စာရွက်စာတမ်းများ (အသေးစိတ်ကို ဟလိုဝါ့ခ္ မှာ မေးမြန်းပါ)

● **ဆက်သွယ်မေးမြန်းရန်နေရာ**
မိမိနေထိုင်ရာ မြို့ရွာရဲ့ဟလိုဝါ့ခ္
စကားပြန်ရှိတဲ့ ဟလိုဝါ့ခ္ နေရာများ (၂၀၂၀ပြည့်နှစ် မေလ စာရင်း)
https://www.mhlw.go.jp/content/000592865.pdf

မှီငြမ်း၊ ကိုးကား

"အလုပ်အကိုင်ရှာဖွေသူထောက်ပံ့ရေးစနစ် နှင့် ပတ်သက်၍" (လူမှုဖူလုံရေး၊ ကျန်းမာရေးနှင့် အလုပ်သမားရေး ဝန်ကြီးဌာန)
https://www.mhlw.go.jp/content/000645028.pdf

"အလုပ်အကိုင်ရှာဖွေသူထောက်ပံ့ရေးစနစ် ရှိပါတယ်！" (လူမှုဖူလုံရေး၊ ကျန်းမာရေးနှင့် အလုပ်သမားရေး ဝန်ကြီးဌာန)
https://www.mhlw.go.jp/content/000657587.pdf

原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/